

# ခိုင်မီမီဇင်

## အကြင်နာတွေ လမ်းခင်းပေးခဲ့ပြီပဲ

# အခန်း(၁)

... ဒါ ဘယ်လဲ"

ဒေါ်ငြိမ်းအေးသူသည် ဧည့်ခန်းထဲတွင် ထိုင်၍ တစ်ချောင်းထိုး ပဝါကလေး ထိုးနေရာမှ အိမ်ခန်းထဲမှ အပြေးကလေး ထွက်လာသော သမီးဖြစ်သူကို မေးလိုက်သည်။

ဖူးပြည့်စုံထွန်း၏ ခြေလှမ်းများ တန့်ခနဲ ဖြစ်သွားပြီး မိခင်ထံသို့ အလိုမကျဟန် စူမှုန်မှုန်ကလေး ကြည့်လာသည်။

"မူထွေးတို့ဆိုင်ကို သွားမလို့"

"သမီးကလည်း လူက ရှုပ်ကရှုပ်နဲ့ ဒီဈေးထဲများ သွားချင်ရတယ်လို့"

... မေမေကလည်း ဈေးပဲ လူရှုပ်မှာပေါ့၊ ဒါမှလည်း ရောင်းကွက် ရှိမှာပေါ့လို့၊ မေမေက အလကား လိုက်ချုပ်ချယ်နေတာပဲ၊ ဖူးပြည့်က မူထွေးဆီ သွားတဲ့ဥစ္စာကို"

ခြေကိုစုံရပ်၍ မကျေနပ်သည့် လေသံဖြင့် ပြောလာသော သမီး ချောချောလှလှကလေးကို ဒေါ်ငြိမ်းအေးသူက ကြည့်ပြီး ပင့်သက် ရှိုက်လိုက်သည်။

"မူထွေးဆီကို မသွားရဘူးလို့ မေမေက မတားပါဘူး၊ အိမ်ကိုသွားရင် တော်ရောပေါ့၊ ဈေးထဲမှာက လူပေါင်းက စုံပါဘိသနဲ့၊ ပြီးတော့... အရောင်းစာရေးမလေးတွေချည်း ခန့်ထားတဲ့ မူထွေးတို့ ဆိုင်မှာဆိုရင် လူငယ်ကလေးတွေက တရုန်းရုန်းနဲ့"

... မေမေရာ ဈေးဝယ်လာတဲ့ လူတွေပါ၊ မေမေကြောင့် ခက်တာပဲ၊ ဖူးပြ

ည့်က ကလေး မဟုတ်တော့ပါဘူး၊ ဒီလောက် ပူမနေပါနဲ့"

... မေမေ့ မျက်စိထဲမှာတော့ မေမေ့သမီးလေးက ကလေးလေးပဲ ရှိသေးတယ်၊ နို့အပ်စော်တောင် မကင်းသေးဘူးလို့ မြင်တယ်"

... စိတ်ညစ်လိုက်တာ၊ အမျိုးမျိုး ချုပ်ချယ်နေတာပဲ၊ ဒီအိမ်ကနေ ထွက်တောင် ပြေးချင်လာပြီ"

ဖူးပြည့်စုံထွန်းက ဖိနပ်စင်ပေါ်က ဖိနပ် တစ်ရန်ကို ကြမ်းပေါ်သို့ ဆတ်ခနဲ ယူ၍ ပစ်ချပြီး စီးရင်း ပြောလိုက်သည်။

... ဘာပြောတယ် သမီး၊ ဒီအိမ်က ထွက်ပြေးချင်တယ် ဟုတ်လား"

ဒေါ်ငြိမ်းအေးသူသည် လက်ထဲတွင် အပ်နှင့် ထိုးလက်စ အထည် လက်က လွတ်ကျသွားသည် အထိ သမီးဖြစ်သူကို အံ့သြသွားမိသည်။

... ဟုတ်တယ်၊ စားချင်တာလည်း မစားရ၊ သွားချင်တိုင်းလည်း မသွားရ၊ ပေါင်းချင်တိုင်းလည်း မပေါင်းရ၊ ဒီလောက် အနေကျပ်တဲ့ ဘဝမှာ မနေချင်တော့ဘူး၊ ထွက်ပဲ ပြေးချင်တယ်၊ အဟင့်...ဟင့်"

ငိုသံပါကြီးနှင့် ဝမ်းနည်းပန်းနည်း ပြောပြီး အိမ်ပေါ်က ပြေးဆင်းသွားသော သမီးငယ်ကို ဒေါ်ငြိမ်းအေးသူသည် ဆတ်ခနဲ ထပြီး တောင့်တောင့်ကြီး ရပ်ကြည့်နေမိသည်။

သူ့မျက်ဝန်းနှစ်ဖက်တွင် မျက်ရည်တွေဖုံး၍ ဝဲလည်နေသဖြင့် မြင်ကွင်းအားလုံး ဝါး၍ နေပေသည်။

... သမီးလေး... ငါ့မေတ္တာ စေတနာတွေကို နားမလည်နိုင်ပါလား၊ သမီးလေးရဲ့ နှလုံးသားတွေက သူ့အဖေ ကိုလှထွန်းလိုပဲ မာကျော ခက်ထန်လှချည်လား သမီးလေးရယ်၊ သမီးလေးကို မေမေက ဝမ်းနဲ့လွယ်ပြီး မွေးခဲ့ရတဲ့ အမေပါ၊ ဖဝါးလက်နှစ်လုံး၊ ပခုံးလက်နှစ်သစ် နို့ချို တိုက်ကျွေးပြီး ပြုစု

ယုယ လာခဲ့ရတဲ့သူပါ၊ မေမေ့မှာလေ ယောက္ခမဆိုး လင်ဆိုးတွေကြားမှာ သမီးကလေးကို ရလိုက်တော့ မွန်းကျပ်နေတဲ့ ဘဝဆိုးကြီးထဲမှာ သမီးကလေးဟာ မေမေ့ဘဝရဲ့ ထွက်ပေါက် ထင်မိခဲ့တယ်၊ ကန္တာရလို ကြမ်းတမ်းတဲ့ ဘဝခရီးထဲမှာ မေမေ့ သမီးလေးဟာ မေမေ့ အတွက် နားခိုရာ ရေကြည် လေနုပေးတဲ့ အိုအေစစ် ကလေးလို့ ထင်မြင် နေမိခဲ့တယ်...

အိမ်ထောင်ရေး ခရီးကြမ်းကြီးကို မေမေ ဖြတ်သန်းနေရတဲ့ တစ်လျှောက်လုံးမှာ သီတာရေလို အေးမြတဲ့ သမီးမျက်နှာ ကလေးကို ကြည့်ပြီး၊ မေမေ့ရဲ့ ပင်ပန်း ကြမ်းတမ်းတဲ့ ဘဝကို ဖြေသိမ့်ခဲ့ ရတယ်၊ တစ်နေ့ သမီးလေး ကြီးလာရင် မေမေ့ဘဝကို နားလည်တဲ့ သမီးလေး ဖြစ်လာပြီး၊ မေမေ့ကို ဖေးကူလာလိမ့်မယ်လို့ မျှော်လင့်ချက် ကြီးကြီးတွေ ထားလာခဲ့မိတယ်၊ ခု... ခုတော့ မေမေ မျှော်လင့်သလို မဟုတ်ခဲ့ပါလား၊ သီတာရေလို အေးမြမှုတွေလည်း မရှိတော့ပါလား၊ သမီးလေး ကြီးလာလေလေ မေမေ့မှာ မီးကျီးခဲ ရဲရဲကို ကိုင်တွယ် နေရသလို ဖြစ်နေမိပါ ပေါ့လား၊ အို... ငါ... ငါ... ဝဋ်ကြီးတဲ့ မိန်းမ တစ်ယောက်ပါလား"

ဒေါ်ငြိမ်းအေးသူသည် နောက်ဆုံးတွင်တော့ သူ့မျက်နှာကို လက်ဝါးနှစ်ဖက်ဖြင့် အုပ်ကာ ချုံးပွဲချ ငိုမိပြန်ပါ တော့သည်။

ဒေါ်ငြိမ်းအေးသူတွင် အဖော်ပြုစရာ... မျက်ရည်သာ ရှိပါ၏။

သည်မျက်ရည်တို့က သူ့အတွက် ခန်းပဲ မခန်းနိုင်ပါကလား။

အသက်မက ချစ်တဲ့သူကို စွန့်လွှတ်ရပြီး၊ မချစ် မနှစ်သက်သော သူတစ်ဦး၏ ရင်ခွင်တွင် ငိုခဲ့ရပေါင်း နေ့တွေက ကုဋေ... ကုဋာ

ခုလည်း အသက်မက ချစ်ရပါသော သမီးကလေးအတွက် ငိုနေရဆဲပါလား။

… ဘယ်တော့မျှားမှ သည်မျက်ရည်တွေ ခန်းမှာပါလိမ့်။

…

*****

# အခန်း(၂)

မုဆိုးမ သားအမိ ဘဝပေမဲ့ ဒေါ်စိန်ခိုင်နှင့် ငြိမ်းအေးသူ ကလေးတို့၏ ဘဝက ငြိမ်းချမ်း သာယာလှပါသည်။ အထုပ်ကြီး အထည်ကြီး မရှိပေမဲ့လည်း အဖေထားခဲ့သော သနပ်ဖတ် လုပ်ငန်းက သည်ဝမ်းနှစ်ခါးကို အသင့်အတင့် ပြည့်ဝစေပါသည်။ အသင့်အတင့် လှပနေစေပါသည်။

အမေသည် အဖေ ဆုံးပါးသွားပြီးသည့် နောက်တွင် အဖေ့လုပ်ငန်းကို ကျွမ်းကျွမ်းကျင်ကျင် ဝင်လုပ်နိုင်သဖြင့် ငြိမ်းအေးသူ ဘဝ သာယာလှပ နေပါသည်။

ပညာလည်း ဆက်နိုင်ပါသည်။

သည်နှစ်ဆိုလျှင် ငြိမ်းအေးသူ တစ်ယောက် ဆယ်တန်းပင် အောင်ခဲ့လေပြီ။

... ဈေးသွားဖို့ အဆင်သင့် မဖြစ်သေးဘူးလား၊ ဒီမှာ မောင်ဆွေမိုးတောင် ရောက်နေပြီ"

"ကိုဆွေ ရောက်နေပြီလား... လာပြီ၊ မေမေ... လာပြီ"

ပြန်ဖြေသံနှင့် မရှေးမနှောင်းမှာပင် အင်္ကျီရင်စေ့၊ လက်ရှည်နှင့် ကျစ်ဆံမြီးကလေး နှစ်ဖက် ကျစ်ထားသော နုနုငယ်ငယ် ချောချောလှလှ မိန်းကလေးသည် အိပ်ခန်းတစ်ခု အတွင်းမှ ပြေးထွက် လာ၏။

လည်ကတုံး အင်္ကျီလက်ရှည်နှင့် ဆံပင်ကို ရှေ့တစ်လက်မ နောက်ပြောင် ထားနေသော လူရွယ် ကလေးသည် ဒေါ်စိန်ခိုင်၏ ရှေ့တွင် ထိုင်နေရာမှ ထ

ရပ်လိုက်ပြီး မိန်းမချောကလေးကို ကြည့်လိုက် သည်။ ဆွေမိုးဆိုသူ လူငယ်ကလေးကလည်း ငြိမ်းအေးသူနှင့် အတူ ဆယ်တန်း အောင်ပြီးသားပင်။

"အသင့်ဖြစ်ပြီလား ငြိမ်း"

"နေပါဦး ကိုဆွေရေ၊ ဒီမှာစားပွဲက ကျပ်ပြီး ဖွင့်မရလို့၊ ပိုက်ဆံအိတ်ယူဖို့ ခက်နေလို့"

"သမီးကတော့ လုပ်ပြီ၊ သွားခါနီးမှ"

"ခဏလေးပါ မေမေရဲ့"

လူရွယ်ကလေးသည် မိန်းကလေး၏ စာကြည့်စားပွဲဆီသို့ လျှောက်သွားပြီး ထိုင်လိုက်သည်။

... ဘယ်ဟာလဲ ကျပ်နေတာ"

"အဲဒီအံပဲ ကိုဆွေ"

"လွယ်ပါတယ် ငြိမ်းရဲ့ ကိုဆွေ ဆွဲပြမယ်၊ ဒီမှာကြည့်"

ဆွေမိုးက ယောကျ်ားလေး အားနှင့်မို့ စားပွဲအံက ပွင့်ထွက်လာ၏။

ငြိမ်းအေးသူက သဘောကျသွား၏။

ဆွေမိုးသည် ငြိမ်းအေးသူထံမှ သင်းပျံ့သော သနပ်ခါးနံ့ ကလေးကို တရှိုက်မက်မက် ရှူမိလိုက်ပြီးမှ သူ့ စိတ်ကိုသူ ချိုးနှိမ်လိုက်ရသည်။

သူသည် နုနုနွဲ့နွဲ့ကလေး လှရက်နိုင်လွန်းသော သည်မိန်းကလေးကို ဘဝတူချင်းမို့ ကြင်နာရာမှ တွယ်တာစိတ်များ ငြိတွယ် ကြီးထွား၍လာသည်။

တစ်နေ့ထက် တစ်နေ့ တိုးတိုးချစ်ကာ မျက်စိအောက်ကပင် အပျောက် မခံချင်အောင် ဖြစ်နေရ၏။

... ငြိမ်းလေးရယ်၊ ဒီလို ဘဝမျိုးထက် သာအောင် ထားနိုင်မှ ငြိမ်းလေးကို ကိုဆွေ လက်ထပ်မယ်၊ ငြိမ်းလေးအတွက် ကိုဆွေကြိုးစားမယ်၊ အစွမ်းကုန် ကြိုးစားမယ်၊ ငြိမ်းလေးသာ ကိုဆွေ့ကို စိတ်ရှည်လက်ရှည် စောင့်နိုင်ပါစေကွယ်"

ငြိမ်းအေးသူသည် စားပွဲကို ပိတ်ပြီး ဆွေမိုးမျက်နှာကို ကြည့်လိုက်သည်။

ချစ်ရည် ရွှန်းလဲ့နေသော ဆွေမိုး၏ မျက်ဝန်းများက သူ့အသည်း နုနုကလေးကို နွေးထွေး သွားစေပါ၏။

"ကြည့်လိုက်တာ တကတဲ"

"ငြိမ်းက လှတာကိုးဗျ"

... မေမေရှိတယ်"

... ဒေါ်လေးက ရေစင်မှာပါ"

... ကဲ သွားမယ်၊ ဈေးနောက်ကျနေမယ်"

... နာတယ်ဗျ"

ဆွေမိုး၏ လက်မောင်းကို ဆွဲလိမ်ပြီး ထိုင်ရာမှ ထလိုက်သည်။

မျက်နှာကြီး ရှုံ့မဲ့ကာ နာသွားသော လက်မောင်းကို ပွတ်နေသည့် ဆွေမိုးအား ကြည့်ကာ ငြိမ်းအေးသူသည် တခစ်ခစ် ရယ်မော၍ သဘောကျမဆုံး ဖြစ်နေ၏။

... ဘဲငန်းမ"

... ငြိမ်းကနေ ဘယ်လို ဘဲငန်းမ ဖြစ်သွားရတာလဲ"

"ဖြစ်တာပေါ့၊ ငြိမ်းက ကိုဆွေတို့အိမ်က ဘဲငန်းမလို လိမ်ဆွဲတာကိုး"

... ဟား... ဟား... ဟား"

ငြိမ်းအေးသူ တအားကြီး ရယ်ချလိုက်ပါသည်။

"ကြည့်စမ်း၊ သူများ အသားနာတာကို ရယ်နေလိုက်တာများ အူလှိုက် အသည်းလှိုက်နဲ့ ငြိမ်းမကောင်းဘူးကွာ..."

... အဟင်း... ဟင်း... ငြိမ်း ကြားဖူးတာတော့ တစ်မျိုးဖြစ်နေပြီ၊ ချစ်လို့ ကျီစားတာ ပန်းကလေးနဲ့ ပေါက်လိုက်သလို မဖြစ်ဘူးနော်၊ အဟင်း... ဟင်း... ဟင်း"

... ချစ်လို့ ကျီစားတာ ဟုတ်လား၊ ဒါဆိုလည်း အသက်ပါ ထွက်အောင် လုပ်ဗျာ၊ ရယ်နေမယ်"

... သွား... ပိုပြီ၊ အသက် ထွက်မှတော့ အဲဒီပါးစပ်ကြီးက ရယ်နိုင်ပါဦး တော့ မလား ကိုရွှေဆွေမိုးကြီးရဲ့"

သာလိကာမလေးကို ပြောနေသော ချစ်သူကလေးကို ကြည့်ကာ ဆွေမိုး တစ်ယောက် သွားကြီးဖြဲကာ တဟဲဟဲ လုပ်နေ၏။

နှစ်ယောက် ရယ်ကာမောကာ စကားပြောသွား နေကြစဉ် သူတို့နံဘေးမှ ချောကလက်ရောင် ဟီးမင်း ကားကလေး တစ်စီး ဖြတ်မောင်းသွားသည်ကို နှစ်ဦးစလုံး သတိထားလိုက်မိသည်။

ကားကို မောင်းနှင် သွားသူကလည်း လမ်းဘေး ကပ်သွားကြသူ နှစ်ဦး အနက် နုနုနွဲ့နွဲ့လေးနှင့် မှုန်နေအောင် ချောနေသော မိန်းကလေးကို သေသေချာချာကြီး စိုက်ကြည့်၍ သွားသည်။

... မျက်နှာကြီးကလည်း သုန်မှုန်နေတာပဲ၊ တစ်ကမ္ဘာလုံး သူ့လုပ်စာနဲ့ စားနေတာ ကျနေတာပဲ၊ မုန်းလိုက်တာ"

... ငြိမ်းလေး၊ ဒီလိုမပြောနဲ့၊ မုန်းတဲ့လူနဲ့ ညားတတ်တယ်ဗျ"

... ကိုဆွေ၊ ဒီလိုမစနဲ့၊ ငြိမ်း အော်ငိုပစ်လိုက်မယ်"

ငိုမလိုလို မျက်နှာဖြင့် ခြေစုံရပ်ပစ် လိုက်သဖြင့် ဆွေမိုး တစ်ယောက် ပျာသွားရသည်။

... အား... ကျေပါဗျာ... ကျေပါ။ နောက်မစနဲ့ဆို မစပါဘူး၊ လမ်းမလယ်ကောင် ကြီးမှာတော့ ရပ်မငိုပါနဲ့လား၊ ဈေးနောက်ကျနေမယ်၊ မြန်မြန်လျှောက်ကြရအောင်"

ဘောက်ဆတ် ဘောက်ဆတ်နှင့် မျက်နှာကလေး မကြည်မလင်ထားကာ ငြိမ်းအေးသူသည် လျှောက်လိုက်လာ၏။

"ကိုလှထွန်းကြီး ခုတလော ပဲခူးကို ခဏခဏ ပြန်တယ်နော်၊ ကိုဆွေက သူကျောင်းပြီးရင် ရန်ကုန်မှာပဲ နေတော့မယ် မှတ်တာ"

"သူ့အကြောင်း ကိုဆွေ့မေမေ ကိုဆွေ့ကို ပြောမပြဘူးလား"

"ဘာအကြောင်းလဲ ကိုဆွေမသိဘူး"

... ကိုလှထွန်းကြီးက ရန်ကုန်မှာ မိန်းမတစ်ယောက်နဲ့ ပွေနေလို့ ဘဘ ဦးခင်ကြီး သိသွားတယ်၊ ခု... သူ့ကို ခြေချုပ်လိုက်ပြီ၊ ပဲခူးမှာပဲ ပြန်နေရတော့မယ်တဲ့၊ ရန်ကုန် လုပ်ငန်းအတွက် ကိုစံဌေးကို လွှဲလိုက်ပြီတဲ့ ကိုဆွေရဲ့"

ဘာကြောင့်မှန်း မသိ။

ဘာကိုများ မသိစိတ်က စိုးထင့်သွားသည် မသိ။

ဆွေမိုး၏ ရင်ထဲတွင် နှလုံး သွေးခုန်နှုန်းများ ပြင်းလာပါ၏။

"ဘဘ ဦးခင်က ပြောတယ်တဲ့၊ သူ့စကား နားမထောင်ရင် တစ်ပြားမှ မရဘူး၊ အမွေပြတ်ပဲတဲ့ ကိုဆွေရဲ့ ဟင်း... အဲဒါတော့ သူအကြောက်သား မေမေကပြောတယ်၊ ကြီးကြီးကြိုင်ကတော့ ချွေးမ အပြင်းအထန် ရှာဖွေနေပြီတဲ့"

... လွဲပါစေ ဖယ်ပါစေ၊ ဘုရားတပည့်တော်ရဲ့ အချစ်ကလေးကိုတော့

ချမ်းသာပေးပါစေ"

ဆွေမိုးက အလန့်တကြား ကျိတ်၍ ဆုတောင်းလိုက်မိသည်။

တောင်းတဲ့ဆုနဲ့ ပြည့်သူမရှိ။

တောင်းတဲ့ဆုနှင့် တိုက်ဆိုင်၍ ပြည့်သွားကြသူသာ ရှိမည် ဖြစ်ကြောင်း မကြာခင်မှာ ဆွေမိုး သဘောပေါက်မိ တော့သည်။

သူ့ရှေ့တွင် သည်းအူပြတ်မျှ ငိုကြွေးနေသော မိန်းကလေးကို ကြည့်ပြီး မျက်စိကိုမှိတ် နားကို အတင်းပိတ်၍ ဆွေမိုးတစ်ယောက် ခေါင်းယမ်းပစ်နေသည်။

ထိုစဉ်တွင် ဆွေမိုးတို့၏ အိမ်ပေါ်သို့ ငြိမ်းအေးသူ၏ မိခင် ဒေါ်စိန်ခိုင် တစ်ယောက် အူယားဖားယား ရောက်ရှိလာသည်။

… ဒီမှာရောက်နေတာကိုး၊ အမေ့မှာ ရင်ပူလိုက်ရတာ"

ငြိမ်းအေးသူသည် ဝုန်းခနဲထကာ ဆွေမိုးကို တအား ဖက်ထားလိုက်သည်။

… ဟဲ့ သမီး"

… သူ့ကို မယူနိုင်ဘူး၊ မယူနိုင်ဘူး၊ သမီးချစ်တာ ကိုဆွေ အမေရဲ့ ကိုဆွေ… ဟီး… ဟီး… ဟီး"

"ဟုတ်ပါတယ် အကြီးစိန်ရယ်၊ ကျွန်တော်တို့ ချစ်ခြင်းကို မခွဲပါနဲ့ဗျာ၊ ကျွန်တော်… ကျွန်တော် အကြီးစိန်ရဲ့ သမီးကလေးကို တင့်တောင့်တင့်တယ် ထားနိုင်အောင် ကြိုးစားနေပါတယ်"

ဒေါ်စိန်ခိုင်သည် ပင့်သက်ကြီး ရှိုက်လိုက်ပြီး ချစ်သူနှစ်ဦးကို ဆို့နင့်ကြေကွဲစွာ ကြည့်လိုက်သည်။

… အမေလည်း သမီးတို့ သားတို့ ချစ်ခြင်းကို မခွဲချင်ပါဘူး၊ ဒါပေမဲ့ သူတို့ ဩဇာကို မလွန်ဆန် နိုင်တဲ့ဘဝ ရောက်နေရလို့ပါကွယ်၊ သားတို့ သမီးတို့

သိတဲ့အတိုင်း ခုလုပ်ကိုင် စားနေတဲ့ သနပ်ဖတ်လုပ်ငန်းကို သူတို့ မတည် ပေးခဲ့တာ မဟုတ်လား၊ သမီးအဖေက ကျေးဇူးရှင်လည်းဖြစ် သူ့ဆွေရိပ် မျိုး ရိပ်လည်း မကင်းတဲ့ ဦးခင်ဘွားတို့ကို ဘာကိစ္စနဲ့မှ မလွန်ဆန်ဖို့ အမေ့ကို တရရမှာပြီး ဆုံးသွားရှာတာ၊ ဒါ... ဒါကို သမီးလေး သိပါတယ်ကွယ်၊ ခု... ခု သူတို့က မောင်လှထွန်းကို သမီးလေးနဲ့ လက်ဆက် ပေးချင်တယ်လို့ အမေ့ကို ခေါ်ပြောလာတော့ အမေဘယ်မှာ ငြင်းအား ရှိနိုင်တော့မှာလဲ၊ အမေ... အမေ သေသာ သေလိုက်ချင်ပါတယ်ကွယ်... ဟီး... ဟီး... ဟီး"

တဟီးဟီး အသံထွက်ကာ ငိုကြွေးနေသော ချစ်မိခင်ကြီးကို ကြည့်ပြီး ငြိမ်းအေးသူ တစ်ယောက် အရှိုက်အင်င်များ ရပ်တန့်သွားသည်။

ရင်ထဲတွင် နာကျင်မှု ကြီးစွာနှင့်ပင် မိခင်ကြီးကို တွေကြည့်နေမိစဉ်၊ မျက်နှာ မသာမယာနှင့် အိမ်ပေါ်သို့ တက်လာသော ဆွေမိုး၏မိခင် ဒေါ်တင် ပွားကို တွေ့လိုက်ရသည်။

ဒေါ်တင်ပွားသည် သူ့ကို ပြေးဖက်လာသော ငြိမ်းအေးသူကို ပွေ့ဖက်ထား လိုက်ပြီး မျက်ဝန်း နှစ်ဖက်မှ မျက်ရည်များ ဖြိုင်ဖြိုင်ကျလာသည်။

... ထင်တယ်၊ အိမ်မှာတော့ ဒီလိုတွေ ဖြစ်နေကုန်ပြီလို့"

"ဒီကိစ္စကို ကျွန်မ မလွန်ဆန်နိုင်တာ မတင်အသိပါ မတင်ရယ်"

"ညည်းဘဝကို ငါနားလည်ပါတယ် စိန်ခိုင်၊ ငါ... ငါရင်နာတာ သားနဲ့ ငြိမ်းလေးအတွက်ပါ၊ ငါတို့ သားအမိကလည်း ကံကိုမွဲပါတယ်၊ ငါ့ကို ဘာ ပြောလိုက်တယ် မှတ်သလဲ ဒေါ်ကြိုင်သင်းကလေ၊ ညည်းသားကို ရှောင်ခိုင်း ပါတဲ့၊ ငြိမ်းအေးသူဘဝ ကောင်းစားတာကို ရှုဆိတ်ပါတဲ့ အေ... ဟင်း"

ဒေါ်တင်ပွားသည် မခံချင်စိတ်ကြီးကို မျက်နှာကြီး အစ်ထွက်သွားအောင် တင်းခံလိုက်သည်။

... မစိန်ခိုင်"

... ဟဲ့ မမယ်အိမ်ပါလား၊ ဘာလို့များ ဒီဘက် လိုက်လာတယ် မသိဘူး၊ မတင် သမီးကို ချော့မော့ပြီး အိမ်ပြန် ပို့ပေးထားနော်"

... အေး... ညည်းစိတ်ချသွား၊ ငါကိုယ်တိုင် ပို့ပြီး စောင့်နေမယ်"

ခြေမကိုင်မိ လက်မကိုင်မိနှင့် ဒေါ်စိန်ခိုင်သည် ဆွေမိုး၏ အိမ်ကလေးပေါ်မှ ပြေးဆင်း သွားသည်။

"ညည်းက ဒီ ဘာလာလုပ်တာလဲ၊ အစ်မက ဆေးလိပ်ခုံကို ခုလာခဲ့ပါတဲ့"

... ဟုတ်ကဲ့၊ ခုပဲ ကျွန်မ လိုက်ခဲ့ပါ့မယ်"

ခြေလှမ်း သုတ်သုတ်ကြီး လှမ်းကာ ရှေ့သို့ ဟပ်ထိုး လဲကျမတတ် လျှောက်ရင်း ဒေါ်စိန်ခိုင်သည် ရွှေမင်းသား ဆေးလိပ်ခုံသို့ ရောက်ခဲ့ရပါ၏။

ကတ္တီပါ ဖုံးခင်းထားသော ကုလားထိုင်ပေါ်တွင် ထိုင်နေကြသော အခြေကြီး အနေကြီး ခမည်းခမက် လောင်းများ၏ ရှေ့ကြမ်းပေါ်တွင် သူတို့၏ ငယ်နိုင်ဖြစ်သော ဒေါ်စိန်ခိုင်သည် ကျုံ့ကျုံ့ကလေး ထိုင်၍ ရင်မှာ ဆို့နင့်မောဟိုက်နေမှုကို ကျိတ်ကျိတ်ဖြေကာ သူတို့ မိန့်ခွန်းလာမည့် စကားကို ငံ့လင့် နေရရှာ၏။

"ဒီမယ် စိန်ခိုင်"

"ဟုတ်ကဲ့ မမကြိုင်"

"ခုတင်က ကိုခင်ဘွားနဲ့ ကျုပ် တိုင်ပင်ကြတယ်၊ အိမ်ကကောင်ကို၊ တယ်လွယ် မထားချင်ဘူး၊ စီစဉ်စရာ အမြန် စီစဉ်ချင်တယ်၊ ရက်ကောင်းလည်း ကျုပ်တို့ လင်မယား ရွေးပြီးပြီ၊ ရှေ့အပတ် စနေ ရက်ကောင်းတယ်၊ အဲဒီနေ့ တစ်ခါတည်း လက်ထပ်မယ်၊ ညည်းသမီးအတွက် အဝတ်အစားလည်း ကျုပ်ရန်ကုန်ကို မှာလိုက်ပြီ၊ ကျုပ်တို့ စီစဉ်တာကို လက်နဲ့ရေး ခြေနဲ့ဖျက်

တာမျိုး ဘယ်သူ့ဆီကမှ မခံနိုင်ဘူး၊ ဒီတာဝန်က ညည်းသမီးကို ပြောဖို့..."

... ဟုတ်ကဲ့ပါ မမကြိုင်"

... ပြောစရာ မကုန်သေးဘူး၊ ပတ်သက်ရာ ပတ်သက်ကြောင်းတွေဆီကို ကျုပ်တို့ လင်မယား ဒီသတင်း စကားကို ပြောပြီးပြီ၊ ဆရာတော် ဘုရားဆီ လည်း မင်္ဂလာဆွမ်းအတွက် လျှောက်ထား ပြီးပြီ၊ ဒီတော့ ညည်းသမီးကို တို့ များ မျက်စိအောက်မှာပဲ ဒီနေ့ကစပြီး ခေါ်ထား တော့မယ်၊ မယ်အိမ်ရဲ့ အဆောင်မှာ ညည်းသမီးနဲ့ ညည်း ဒီညနေမှာပဲ ရွှေ့ပြောင်းပြီး လာနေချေ တော့"

... ဟုတ်ကဲ့ပါ မမကြိုင်"

"ညည်းလည်း အဲဒီနေ့ သားသားနားနား ဖြစ်အောင်ဝတ်၊ ရန်ကုန်က ကို ခင်ဘွားရဲ့ မိတ်ဆွေတွေပါ လာကြမှာ၊ အဝတ်အထည် အရန်သင့် မရှိရင် ငါ ပေးမယ်"

... ကဲ ပြောနေတာ ကြာတယ်၊ ခုပဲ ပြောင်းရွှေ့လာကြ... အဖော်လိုရင် မယ်အိမ်နဲ့ ကောင်မလေးကို ခေါ်သွား..."

"ဟုတ်ကဲ့ပါ မမကြိုင်"

ဒေါ်စိန်ခိုင်သည် ပုတ်သင်ညို တစ်ကောင်ကဲ့သို့ ခေါင်းတဆတ်ဆတ် ညိတ်ပြီး ကျိုးနွံစွာ ထိုင်ရာမှ ထခဲ့သည်။

သူ့ရင်ထဲတွင်တော့ ခဲကြီး ဆွဲထားသည်သို့ လေးပင်နေပါ၏။

"သမီးလေးရယ်၊ အမေ ဘယ်လိုမှ မကယ်နိုင်တဲ့ အခြေအနေ ကြီးပါ လား"

"ညည်းကပါ မျက်ရည် တစမ်းစမ်းနဲ့၊ ဘုန်းကြီးချင်လို့ ဖုတ်သွင်းရထား ဆိုက်တာများ နည်းတယ်လို့ ထင်နေလို့လား မရွှေစိန်"

ဒေါ်ကြိုင်သင်း၏ ညီမပိပိ စကား ဆို့ဆို့နင့်နင့် ကြီးတွေက ဒေါ်စိန်ခိုင်၏ ဘေးကို ပြေးထုသည်ကို ခံစားလိုက်ရ ပါသည်။

... မဟုတ်ရပါဘူး၊ မမ မယ်အိမ်ရယ်"

"မင်္ဂလာယူမဲ့ အချိန်မှာ ဝမ်းသာလို့ကျတဲ့ မျက်ရည်တောင် လက်တောင်မခံနိုင်ဘူး စိန်ခိုင်၊ ညည်းမျက်ရည်တွေကို သုတ်လိုက်စမ်း၊ အဟင်း... စိုင်ကော်လို့ ချုံပေါ် ရောက်နေပြီပဲအေ့၊ ညည်းသမီး ရွှေပုံ စိန်ပုံပေါ် ထိုင်ရတော့မဲ့ဟာအေ့... အဟင်း... ဟင်း... ဟင်း"

... မမမယ်အိမ် မမမယ်အိမ် သူတို့သိတာ ရွှေတို့ ငွေတို့ ဂုဏ်တို့ပါပဲလား၊ အသည်းနှလုံးက လာတဲ့ တန်ဖိုးမဖြတ်နိုင်တဲ့ မေတ္တာရဲ့ အနှစ်သာရကို သူတို့ ဘယ်တော့မှ သိကြမှာ မဟုတ်ဘူး ထင်ပါရဲ့နော်"

အိမ်ပေါ်သို့ တက်လိုက်သောအခါ သမီးဖြစ်သူနှင့် ဒေါ်တင်ပွားကို တွေ့လိုက်ရသဖြင့် ဒေါ်စိန်ခိုင် တစ်ယောက် ရင်ထဲတွင် တစ်ဆို့နေသော အလုံးကြီး ကျသွားရတော့သည်။

... ညည်း ဒီမှာ ဘာလာလုပ်နေတာလဲ တင်ပွား"

ဒေါ်မယ်အိမ်မှာ အိမ်ပေါ်သို့ လှမ်းတက်ရင်း ဒေါ်တင်ပွားကို မျက်နှာထိ မျက်နှာထားဖြင့် မေးလိုက်သည်။

ဒေါ်တင်ပွား တစ်ယောက် ဘာမှ မဖြေနိုင်ခင် ငြိမ်းအေးသူက ဒေါ်မယ်အိမ်ကို ဆတ်ခနဲ လှမ်းကြည့်ပြီး...

"ကြီးတင် ဒီအိမ်ကိုလာတာ ကြီးမယ်တို့ဆီမှာ လိုင်စင် တောင်းရဦးမှာလား"

... ဟဲ့ သမီးလေး ဒီလိုမပြောရဘူးလေ"

ဒေါ်စိန်ခိုင်သည် ဒေါ်မယ်အိမ်ကို အလန့်တကြား တစ်ချက်ကြည့်ပြီး၊ သူ့

သမီး၏ ပါးစပ်ကို ပြေးပိတ်လိုက်သည်။

... ကောင်နာမလေး ဆတ်ဆတ်ထိ နာတတ်နေလိုက်တာ၊ ဘယ်လောက်များ ဒေါ်တင်ပွားတို့ သားအမိနဲ့ သွေးစည်း မိနေတယ် မသိဘူး၊ ဒွတ္တ ပေါင်သားပါ ပါမလာရင် ကံကောင်းပဲ"

"ဖယ်စမ်းပါ အမေရယ် စကား ပြောတာကြီးကိုက အနှောင့်အသွားကြီးနဲ့ ငြိမ်း အသည်းယားတယ်"

"လွှတ်လိုက်စမ်း စိန်ခိုင်၊ နင့်သမီးကများ ငါ့ကို အာမခံချင်လို့ ဟွန်း... ဟွန်း"

"သမီးရယ် တော်ပါတော့ အမေ့ကိုသာ သတ်လိုက်ပါတော့ ဟီး... ဟီး... ဟီး"

သူ့ကို အတင်းဖက်ပြီး မိခင်ကြီးက သည်းထန်စွာ ငိုလာသဖြင့် ငြိမ်းအေးသူသည် ဟုန်းဟုန်း တောက်နေရာမှ အညွန့်ကျိုးကျ သွားရတော့သည်။

အိမ်ထောင်မပြုဘဲ ရွှေမင်းသား ဆေးလိပ်ခုံကြီး၏ ဘဏ္ဍာထိန်း ဖြစ်နေသော ဒေါ်မယ်အိမ် သည် ပါးစပ်က ထုတ်မပြောသော်လည်း သူ့လက်ရှိ ရရှိနေသော အခွင့်အရေးများ သူ့တူ မိန်းမရလျှင် လက်လွှတ် ဆုံးရှုံးရမည်ကို သေမတတ် ကြောက်ရွံ့နေ၏။

ယခုတော့ သူ့တူအတွက် အစ်မနှင့် မတ်က ရွေးချယ်လိုက်သော အိမ်ထောင် ရှင်မလောင်းသည် အခြား မျက်နှာစိမ်း တစ်ယောက် မဟုတ်ဘဲ သူတို့၏ ငယ်မွေးခြံပေါက် ဖြစ်နေသဖြင့် သူသည် ကျိတ်၍ လက်ခမောင်းခတ် နေမိသည်။

... အိမ်ပေါ် ရောက်လာလို့ကတော့ နင်းထားလိုက်မယ် တအား"

ဟု ခြေကို အသင့်ကြွထား နေဟန် တူသည်။ ဒေါ်မယ်အိမ်ကို ငြိမ်းအေးသူ

သည် ရင်ထဲတွင် လွန်စွာ နာကြည်း မုန်းတီး၍ နေမိသည်။

အခြေကြီး အနေကြီး သူတွေကိုလည်း မတော်လှန်နိုင်၊ သူချစ်သော သမီးကိုလည်း နှစ်သိမ့် ဖျောင်းဖျမပေးနိုင် ဖြစ်နေသော မိခင်ဖြစ်သူကို ကြည့်ကာ ငြိမ်းအေးသူသည် အားမတန် မာန်လျှော့ဖို့ ဆုံးဖြတ်လိုက်ရတော့သည်။

... ကြာတယ်... ကြာတယ်၊ ငါ့မှာက အလုပ်တွေနဲ့ ညည်းတို့ဟာတွေ အမြန်ထုပ်ပိုး မရွှေစိန်"

... ဟုတ်ကဲ့ပါ မမမယ်အိမ်ရယ်"

ဒေါ်စိန်ခိုင်သည် သူ့မျက်နှာပေါ်မှ မျက်ရည်တွေကို ကြမ်းတမ်းစွာ သုတ်ချပြီး ထုပ်ပိုးမှုများကို လျင်မြန်စွာ ပြုလုပ်ပါတော့သည်။

... သမီးလေး လုပ်လေ"

"ရတယ်အမေ အဝတ်တစ်ထည် ကိုယ်တစ်ခုနဲ့ပဲ လိုက်မယ်၊ သမီးမှာ ရှိတာတွေက သူတို့ အသိုင်းအဝိုင်းမှာ မဝင်ဆံ့ပါဘူး၊ သူတို့ ဂုဏ်သိမ် နေမှာစိုးလို့ သမီး ဒီအိမ်က ပစ္စည်း ဘာမှမယူဘူး မေမေ"

ဒေါ်စိန်ခိုင်သည် ခုံတစ်လုံးပေါ်တွင် ခန့်ခန့်ကြီး ထိုင်နေသော ဒေါ်မယ်အိမ်ကို ဖျတ်ခနဲ လှမ်းကြည့်လိုက်သည်။

... မေတ္တာပုံမရဲ့ သိပ်ကြီးကျယ် မနေနဲ့၊ ညည်းအတွက် ဦးဖွဲ့ဆိုတာနဲ့ ဝတ်လဲတော်တွေက ရှေ့တော်မှောက် ရောက်မလာနိုင်ဘူး၊ တစ်နေ့တန် နှစ်နေ့တန် ဝတ်ဖို့တော့ ယူခဲ့အေ့၊ ကျုပ်တို့ကလည်း ရှေ့ကို တွေးမြင်ပြီးသား၊ ညည်းလေးကို အနုတ်နုတ် အစုတ်စုတ် ထားမရမှန်းကို..."

ငြိမ်းအေးသူသည် မျက်နှာကလေးကို မဲ့မဲ့ထားပြီး သူ့အဝတ်အစား တစ်စုံနှစ်စုံကို ဆောင့်ဆောင့် အောင့်အောင့် ရှမ်းလွယ်အိတ် တစ်လုံးထဲသို့ ထိုး

သိပ် ထည့်လိုက်သည်။

သူ့ကိုယ်ပေါ်တွင်လည်း အင်္ကျီအကောင်းနှင့် ထဘီအကောင်းကို ချွတ်ကာ အမွဲအတေဆုံးနှင့် အရောင်အဆင်း မရှိဆုံးကို ရွေး၍ ဝတ်လိုက်သည်။

"ဟဲ့သမီး ဒါ... ဒါ ဘာလုပ်တာလဲ"

... နေ စိန်ခိုင် ညည်းသမီး ခွတိုက်နေတာ ရတယ်၊ တုံးလုံးလိုက်လည်း ရတယ်၊ သူလုပ်ဝံ့လို့ ဟာပဲ"

ဘယ်လိုပဲ ခွတိုက်တိုက် နောက်ဆုံးတွင်တော့ ငြိမ်းအေးသူတို့ သားအမိသည် သူတို့၏ ငြိမ်းချမ်း သာယာသော စံအိမ်ကလေးကို စွန့်ကာ ရွှေမင်းသား ဆေးလိပ်ခုံရှိသည့် ခုံခုံထည်ထည် ရှိလှသော နေအိမ်ကြီးဆီသို့ ရောက်ခဲ့ကြရပါ၏။

*****

အခန်း(၃)

… သား… ဒါ ဘယ်လဲဟင်"

ဒေါ်တင်ပွားသည် ကမန်းကတန်း ခရီးဆောင်အိတ်ကို ပြင်ဆင်နေသော သားဖြစ်သူ၏ လက်ကို ဖမ်းဆွဲထားကာ မျက်ရည် တဖြိုင်ဖြိုင်ကျ၍ မေးလိုက်သည်။

"ကျွန်တော် ဘယ်လိုလုပ်ပြီး ဒီမှာ နေနိုင်တော့မှာလည်း အမေရယ်၊ ကျွန်တော့်ကို ခွင့်လွှတ်ပါ၊ ကျွန်တော်… ကျွန်တော် ဒီကနေ ထွက်ပြေးပါရစေတော့"

… အမေ… အမေ သားရဲ့ ခံစားချက်ကို နားလည်ပါတယ်၊ ဒါပေမဲ့ စိတ်လိုက်မာန်ပါ ဘာမှ မလုပ်ပါနဲ့၊ သား ဒီကထွက်သွား ချင်တယ်ဆိုရင် သား သွားနိုင်ပါတယ်၊ ဒါပေမဲ့ သားထင်ရာ စွတ်သွားတာကိုတော့ အမေ လက်မခံနိုင်ဘူး၊ အမေ့ကို သားချစ်တယ် အမေ သေတာ မမြင်ချင်ဘူး ဆိုရင် အမေပြောတဲ့ နေရာကို သွားပါ"

"ဒီမြေကလွဲရင် သား ဘယ်ပဲ ဖြစ်ဖြစ်သွားမယ် အမေ"

"ဒါဆို သား ရန်ကုန်က လသာလမ်းကိုသွား၊ သားသိတယ် မဟုတ်လား၊ သားအဖေရဲ့မိတ်ဆွေကြီး ဦးအန်းကောက်လေ"

"သားသိပါတယ် အမေ"

… သူက လက်ဖက်ခြောက် လုပ်ငန်း လုပ်နေတယ်၊ သားကို သူလက်ခံမှာပါ၊ အမေလည်း စာရေး ပေးလိုက်မယ်"

"ဟုတ်ကဲ့ အမေ"

"ပြီးတော့ သားကို အမေပြောမယ်၊ ပညာရေးကိုတော့ အဆက်မဖြတ်လိုက်ပါနဲ့ကွယ်၊ သွားလေသူ သားအဖေ ဆန္ဒကို သားလေး ဖြည့်ဆည်းပေးပါ၊ အမေလည်း အခြေအနေကြည့်ပြီး အိမ်ကို ရောင်းတန်ရောင်း ပြီးတော့ သားနောက်ကို လိုက်ခဲ့မယ်၊ ဦးအန်းကောက်က အမေတို့ သားအမိကို ခေါ်ခေါ်နေတာ ကြာပြီ၊ သူ့ပွဲရုံမှာ အမေ အလုပ်တစ်ခုခု လုပ်နိုင်မှာပါ သား"

"သား ကတိပေးပါတယ် အမေ၊ သား ပညာရေးကိုတော့ မစွန့်လွှတ်နိုင်ပါဘူး၊ အဖေ့ဆန္ဒ အမေ့ဆန္ဒအတိုင်း ပြည့်ဝအောင် သင်မှာပါဗျာ၊ ခု... ခု သားထွက်သွား ရတာကလည်း"

"အမေ နားလည်တယ်သား အမေနားလည်တယ်၊ သားလေးလိုပဲ အမေ့ရင်ထဲမှာလည်း ခံစားရပါတယ်"

... သား ငြိမ်းလေးကို သိပ်သနားတယ် မေမေ၊ သူ့... သူ့အတွက် ရင်လည်း နာမိတယ်"

ကြေကွဲ ဆို့နင့်သံကြီးဖြင့် ဆွေမိုးက ပြောလိုက်သည်။

မျက်ဝန်းနှစ်ဖက်တွင် မျက်ရည်တွေ ဝဲစို့နေသော သား၏မျက်နှာကို ဒေါ်တင်ပွားက ကြည့်လိုက်သည်။

"ဟုတ်ပါတယ်သား၊ သူ့အဖြစ်က ရင်နာစရာပဲ၊ ချစ်တဲ့သူနဲ့ ကွေကွင်းပြီး မချစ် မနှစ်သက်သူနဲ့ ပေါင်းရမဲ့ ဒုက္ခကတစ်မျိုး၊ ရုပ်ချင်တိုင်း ရုပ်၊ ပွေချင်တိုင်း ပွေလာတဲ့သူကို လင်လုပ်ရမှာက တစ်မျိုး၊ ငွေဂုဏ် ကြေးဂုဏ်နဲ့ ဖိနှိပ် ချုပ်ချယ်ကြမဲ့ အသိုင်းအဝိုင်းက တစ်မျိုးနဲ့ ဒုက္ခမှ ဒုက္ခပါပဲ သားရယ်၊ ဒါပေမဲ့လည်း အမေတို့ ဘာတတ်နိုင်မှာလဲ၊ မစိန်ခိုင်တို့ သားအမိမှာ သူတို့ကို လွန်ဆန်နိုင်အားမှ မရှိကြတာ"

"အရေးပိုင်သမီး ရွှေစင်နဲ့ အသံထွက် နေတာကနေ ဘယ်လိုလုပ်ပြီး ငြိမ်းလေးဘက်ကို ဖြုန်းခနဲ လှည့်သွားရတာလဲ မသိပါဘူးဗျာ"

... သားရယ် ရွှေစင်တို့ကလည်း ပါးလိုက်တာမှ လုပ်လို့၊ ရန်ကုန်မှာ ဆင်းပြီး သူခြေမျှား ထားတာတွေက ရုပ်ဆိုးလောက်လို့ ဟိုက ခါထုတ် ပစ်လိုက်တာ နေမှာပေါ့၊ သူတို့ သားအကြောင်း သိထားကြလို့လဲ ဘယ်သမီးရှင်ကမှ လက်မခံဝံ့ ဖြစ်နေကြတာ သားရဲ့"

... ကျွန်တော် မကြားချင်တော့ဘူး ကျွန်တော့်ကိုသာ အမေ ရေးပေးမယ်ဆိုတဲ့စာ မြန်မြန် ရေးပေးပါတော့"

ဒေါ်တင်ပွားသည် သူခင်ပွန်းသည်၏ မိတ်ဆွေကောင်း တစ်ဦးဖြစ်သော လက်ဖက်ခြောက် ကုန်သည်ကြီး ဦးအန်းကောက်ထံသို့ စာတစ်စောင် အလျင်အမြန် ရေးထားပေးလိုက်သည်။

... သား၊ အမေမှာ စုဆောင်းထားတာ ငွေနှစ်ရာ ရှိတယ်၊ အဲဒါလေးပါ ယူသွား၊ ဟိုမှာ စိတ်လေပြီး ထင်ရာတွေ မလုပ်နဲ့နော်၊ ကိုယ့်ဘဝကိုယ် နားလည်တယ် မဟုတ်လား၊ တိုးတက် ကြီးပွားအောင် ကြံဆပါသားရယ်"

... အမေ့ကို သား ကန်တော့ခဲ့ပါတယ်၊ သားအတွက် စိတ်ချပါ"

... သာဓု... သာဓု အမေ့သားလေး၊ ဘုန်းကြီးလို့ သက်ရှည်ပါစေကွယ်၊ ဘေးဆိုး ရန်ဆိုး အန္တရာယ်ဆိုးများမှ ကင်းပါစေ၊ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ ချမ်းသာခြင်းနှင့် ပြည့်စုံပါစေ"

"သွားမယ် အမေ"

အမေ့ဆုခြွေသံများ ဆုံးသွားသည်နှင့် အမေ၏ နင့်နင့်နည်းနည်း ရှိုက်သံကို ဆွေမိုး ကြားလိုက် ရသည်။ ရင်မှာ ပြင်းထန်စွာ နာကျင်လာရ၏။

ဆွေမိုးသည် အမေ့ကို နှုတ်ဆက်ခဲ့ပြီး အံကို တင်းတင်းကြိတ်ကာ အိမ်ပေါ်

မှ ချာခနဲ လှည့်ထွက်ခဲ့သည်။

အသည်းတွေ တစ်စစီ ပဲ့ကြွေရပါပြီ။

ရင်မှာ နာကျင်ခြင်း ဝေဒနာက ရင်နှင့်မမျှ။

မကြည့်ပါဘူးဟု ဇွတ်အတင်း မျက်နှာကို တစ်ဖက်သို့ လွှဲဖယ်၍ လျှောက်နေပေမဲ့ ရွှေမင်းသား ဆေးလိပ်ခုံကို မဖြတ်မနေ ဖြတ်ရသည့် အခါတွင် သည်နေရာမှာ အသက်မက ချစ်ရသူကလေး ရှိနေလေရဲ့ ဟူသော အသိက သူ့ကို နှိုးဆွ ဆွဲဆောင်လွန်း နေသဖြင့် လှည့်ကြည့် လိုက်မိသည်။

အသက်မက ချစ်ရလွန်းသူ ကလေးကိုတော့ မတွေ့ရပါ။

ဟည်းနေသော အိမ်ရှေ့မှ မင်္ဂလာယူနေသည့် ရွှေမင်းသားဟူသော ဆိုင်းဘုတ်ကြီးကိုသာ ကွက်ကွက်ကွင်းကွင်း တွေ့လိုက်ရသည်။

အံကို တင်းနေအောင် ကြိတ်ပြီး သူ့မျက်နှာကို ချာခနဲ တစ်ဖက်သို့ ပြန်လှည့်လိုက်သည်။

"နှုတ်ဆက်ခဲ့ပါတယ် အချစ်ရယ်၊ အရာရာကို မလွန်ဆန်နိုင်လို့ မင်းဘဝနဲ့ ပေးဆပ်ရတဲ့ အဖြစ်မျိုး၊ မင်းအတွက် ဒီဘဝ ဒီမျှသာ ရှိပါစေလို့ ကိုယ်ဆုတောင်း ခဲ့ပါတယ်၊ အကြောင်းမလှလို့ မင်းနဲ့ဘဝချင်း မပေါင်းစပ်ရပေမဲ့ မင်းအပေါ်မှာ ကိုဆွေထားတဲ့ မေတ္တာနဲ့ စေတနာဟာ ကိုဆွေ အသက်ခန္ဓာ တည်သရွေ့ တစ်နေ့တစ်နေ့ တိုးပွားနေဦးမှာပါ ငြိမ်းလေးရယ်"

ဆွေမိုးသည် ချစ်သူကလေးကို တမ်းတတိုင်တည်ရင်း ကားဂိတ်ဆီသို့ အားသွန်၍ လျှောက်ခဲ့သည်။ လိုင်းကားပဲ ရရ၊ ကြားကားပဲ ရရ၊ ကုန်ကားပဲ ဖြစ်ဖြစ် ဖြစ်ချင်ရာဖြစ် သည်နေရာနှင့် အမြန်ဆုံး ဝေးသွားချင်သည့် စိတ်များသာ ဆွေမိုးကိုချုပ်ကိုင် လွှမ်းမိုးနေပါ၏။

ကားဂိတ်သို့ ရောက်သည့်အခါတွင် စီးရမည့်ကားကို အသည်းအသန်

စုံစမ်းလိုက်သည်။

ထိုစဉ် တစ်စုံတစ်ဦးက သူ၏ပခုံးကို နောက်ဘက်က ကိုင်တွယ်လာသည်။

ချာခနဲ လှည့်ကြည့်သည်တွင် သူနှင့် အလွန်ရင်းနီးသော ရွှေမင်းသား ဆေးလိပ်ခုံ ညစောင့် ကိုထွန်းခင်ကို တွေ့ရသည်။

"အစ်ကိုကြီး ထွန်းခင်"

... ဟုတ်တယ်၊ ဒါ မင်းဘယ်ကိုလဲဟင်"

သူ့လက်ထဲတွင် ဆွဲကိုင်ထားသော ခရီးဆောင်အိတ်ကို ကြည့်လိုက်၊ သူ့မျက်နှာကို ကြည့်လိုက်နှင့် ထွန်းခင်က မေးနေ၏။

... ကျွန်တော်"

... တယ်ညံ့တဲ့ကောင်ပဲ၊ ပြဿနာကို ရှောင်ပြေးတာ ယောကျ်ားမဟုတ်ဘူး၊ မင်းမှာ သတ္တိ မရှိဘူးလား၊ ငြိမ်းလေးကို ခိုးပြေးဖို့"

"ယောကျ်ားဖြစ်လို့ ပြဿနာကို ရှောင်သွားတာပေ့ါ ကိုကြီးထွန်းခင်၊ ဒီနေရာမှာ သတ္တိဆိုတဲ့ စကား မသုံးပါနဲ့ဗျာ၊ ကျွန်တော့်ချစ်သူကို ကျွန်တော် လက်မထပ်ချင်ဘဲ ရှိပ့ါမလားဗျာ၊ အရာရာ ရှုံးနိမ့်နေတဲ့ ကျွန်တော့ဘဝထဲ ဇွတ်အတင်း ဆွဲမသွင်းချင်လို့ဗျ၊ မမိုက်မဲချင်လို့...

"ခင်ဗျား စဉ်းစားကြည့် ကျွန်တော့်အရွယ်က ပညာရှာရမဲ့ အရွယ်ပဲ ရှိသေးတယ်၊ စိတ်အလို လိုက်ပြီး ရူးရူးမိုက်မိုက် ကြံပစ်လိုက်ရင်လည်း ကျွန်တော့်မှာ အိမ်ထောင်တစ်ခု ဆောက်တည်ဖို့ ဘာအာမခံချက်များ ရှိနေလို့လဲ၊ မိခင်မုဆိုးမကြီးနဲ့ မသေထမင်း၊ မသေဟင်း စားနေရတဲ့ အခြေနေထဲကို ငြိမ်းလေးကို ကျွန်တော် ဇွတ်အတင်း မသွင်းပစ်ချင်ဘူး၊ ငြိမ်းလေးကို ပြည့်စုံအောင် မထားနိုင်သရွေ့ မယူဘူးလို့ ကျွန်တော့်စိတ်ကို ပိုင်းဖြတ်လာခဲ့တာ၊ ရည်မှန်းချက်တွေ ပြည့်မဲ့ ရက်ဆီကို ဖွဲနဲ့ သွားနေခဲ့တာ...

… ခုတော့ လမ်းခုလတ်မှာ ငြိမ်းလေးကို ကျွန်တော့်ဆီက ဆွဲထုတ်သွားမဲ့ အခြေအနေကြီး ပုဂ္ဂိုလ်ကြီး ပေါ်လာတယ်၊ ငြိမ်းလေးကို စွန့်လွှတ်ရလို့ ရင်နဲ့မမျှ ကျွန်တော် ခံစားနေရတဲ့ ဒုက္ခ ကျွန်တော့်ကိုယ် ကျွန်တော်ပဲ သိပါတယ်ဗျာ"

ထွန်းခင်လည်း အသည်းကွဲနာ ကျနေသော သူ့ရှေ့က ကောင်လေးကို ကြည့်ကာ ငိုင်တွေ သွားတော့သည်။

"ကျွန်တော် သွားမယ်ဗျာ"

… ဟေ့… နေပါဦး၊ မင်းက ဘယ်ကိုသွားမှာလဲ ဖိုးဆွေလေးရ"

"ဒီမြေနဲ့ ဝေးရာကိုပေ့ါဗျာ၊ ဒီမြေမှာ ကျုပ်ဘယ်လိုမှ မနေနိုင်ဘူး အစ်ကိုထွန်းခင်ရ"

… ချာတိတ်ရာ၊ ငါလည်း ဘာပြောရမှန်းကို မသိတော့၊ ဒါပေမဲ့ မင်းသွားမဲ့ နေရာကလေးတော့ ပြောပြခဲ့ပါဦး"

"မနေချင်လို့ ထွက်သွားတာပဲ ရှိတယ်၊ ဘယ်ခရီးကို သွားရမယ်ဆိုတာ ကျွန်တော် မဆုံးဖြတ်သေးဘူး အစ်ကို ထွန်းခင်"

… မင်းဟာက မဟုတ်သေးပါဘူး၊ ဒါဆို မင်းကောင်မလေးကို ငါ ဘာပြောလိုက်ရ မလဲဟင်"

"ဘာမှ မပြောတာ အကောင်းဆုံးပဲ၊ ကျွန်တော့်အတွက် ငြိမ်းလေးမှာ ဝေဒနာ မပိုပါစေနဲ့ဗျာ၊ သူ့ခမျာ ဘယ်လို ခံစားရမယ်ဆိုတာ ကျွန်တော်သိတယ်၊ အကောင်းဆုံးကတော့ ကျွန်တော့်ကို အစ်ကိုထွန်းခင် တွေ့တာ ဘယ်သူ့ကိုမှ မပြောပါနဲ့ဗျာ"

… အင်း… အင်း…"

ထွန်းခင်က သူ့ခေါင်းကို လေးလေးဖင့်ဖင့်ကြီး ညိတ်ကာနေစဉ် ဆွေမိုး

လည်း သူ့ရှေ့မှ ချာခနဲ လှည့်ထွက်ခဲ့သည်။

တော်တော် ကြာကြာကလေး စုံစမ်းပြီးတော့မှ ကုန်ကားကြီး တစ်စီးတွင် လိုက်ခွင့်ရပြီး ရန်ကုန်သို့ ဆွေမိုး လိုက်ပါခဲ့တော့သည်။

*****